**မိတ်ဖက်အဖွဲ့များအစည်းအဝေး ၂၀၁၄။ ။တရားမျှတသောလူ့အသိုင်းအဝန်း၊ လူမှုသဘာရပ်ဝန်း နှင့် အကျုံးဝင်နိုင်ငံရေး**

မိတ်ဖက်အဖွဲ့များ အစည်းအဝေး ၂၀၁၄ ကို ဗီယက်နမ်နိုင်ငံ လမ်ဒေါင်းပြည်နယ်ရှိ ဒလပ်မြို့တွင် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ ၃၁ ရက်နေ့အထိ ကျင်းပခဲ့သည်။ RLS SEA မှ အကျိုးတူပူးပေါင်းဆောင်ရွက် လျက်ရှိသောအဖွဲ့အစည်းများအပြင် အနာဂတ်၌ ပူးပေါင်းဆောင်ရွက်ရန် အလားအလာရှိသည့်အဖွဲ့အစည်း များမှ ပုဂ္ဂိုလ် ၆၆ဦးအား ဖိတ်ခေါ်ခဲ့သည်။

ဤအစီအစဉ်အား Gabriele Struck မှ ရေးဆွဲ၍ ဦးဆောင်ခဲ့သည်။ နိုင်ငံတော်အဆင့်ရှိသော အာဏာပိုင်များ မှသည် ဒေသန္တရလူမှုအဖွဲ့အစည်းများအထိ ကျယ်ပြန့်လှသော မိတ်ဖက်အဖွဲ့အစည်းများအကြား ကောင်းမွန် သောဆက်ဆံရေးအား တည်ဆောက်ပေးနိုင်ခဲ့သည်။ အဓိကအစီအစဉ်တွင် RLS SEA ၏ ရည်မှန်း ချက်နှင့် ညီသော အပိုင်းသုံးပိုင်းပါဝင်သည်။ ပထမအပိုင်းမှာ သုံးနှစ်ကြာပြီးနောက် အစီအစဉ်ပြီးမြောက်မှုအား ဆန်းစစ် ခြင်းဖြစ်သည်။ ဒုတိယအပိုင်းမှာ နောက်လာမည့် ၂၀၁၅-၂၀၁၇ အတွက် အစီအစဉ်ဆွဲခြင်းဖြစ်သည်။

အစည်းအဝေးသို့ တက်ရောက်လာသူများ၏ တက်ကြွစွာပါဝင်မှုနှင့် ပွင့်လင်းမှုများသည် လုပ်ငန်းအား များစွာ အကျိုးရှိစေသည်။ မိတ်ဖက်အဖွဲ့အစည်းများ၏ အတွေ့အကြုံများနှင့် ၎င်းတို့၏ ရည်မှန်းချက်များကို နေ့စဉ် ညီလာခံ၌လည်းကောင်း၊ အုပ်စုလိုက်ဆွေးနွေးချိန်များတွင်လည်းကောင်း ဖလှယ်ခဲ့ကြသည်။

အစည်းအဝေး ပထမနေ့ကို လက်ရှိ ၂၀၁၂-၂၀၁၄ သက်တမ်းအတွင်း RLS SEA ၏ ဒါရိုက်တာဖြစ်သူ Nadja Charaby မှ အဖွင့်မိန့်ခွန်းပြောကြားခြင်းဖြင့် စတင်ခဲ့သည်။ သူမ၏ မိန့်ခွန်းတွင် အစည်းအဝေးတက်ရောက် လာသူများအား ဤမိတ်ဖက်အဖွဲ့များအစည်းအဝေး၂၀၁၄ သည် လွန်ခဲ့သောအချိန်၌ အောင်မြင်မှုများ မည်မျှရရှိခဲ့သည်ကို ပြန်လည်ဆန်းစစ်ရန်နှင့် အနာဂတ်တွင် အပြောင်းအလဲများကြားမှ ပိုမိုပူးပေါင်းဆောင်ရွက် နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးရှာဖွေနိုင်ရန် ထူးခြားသည့်အခွင့်အရေးဖြစ်ကြောင်း ပြောကြားသွား သည်။

ထို့နောက် RLS ဝန်ထမ်းများမှဦးဆောင်၍ ပိုစတာပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ သို့နှင့် အစည်းအဝေးတက်ရောက်လာသူများမှာ တစ်ဦးနှင့်တစ်ဦးပိုမိုရင်းနှီးကြကာ အချင်းချင်း ပြီးနှင့်သော လုပ်ငန်းများအကြောင်း ဖလှယ်ကြသည်။ ထို့အပြင် အစည်းအဝေးသို့တက်ရောက်လာသည့် မိတ်ဖက် တစ်ဦးက တောင်းဆိုသဖြင့် RLS ၏ စီမံကိန်းမန်နေဂျာများမှ ၎င်းတို့၏လုပ်ငန်းများ အဘယ့်ကြောင့် အောင်မြင်ရကြောင်းနှင့် ဆက်လက်လုပ်ဆောင်မည့်လုပ်ငန်းများအား တင်ပြဆွေးနွေးကြသည်။

ဒုတိယမြောက်နေ့တွင် Nadja Charaby မှ ခေါင်းစဉ်သုံးခုတင်ကာ RLS မှ နောက်လာမည့်သက်တမ်းအတွင်း ဆောင်ရွက်ပြီးစီးလိုသည့်အရာများကို တင်ပြဆွေးနွေးသွားသည်။ တက်ရောက်လာကြသူများသည် RLS မှ မြှင့်တင်ဆောင်ရွက်လိုသည့် တရားမျှတသောလူ့အသိုင်းအဝန်း (Social Justice)၊ လူမှုသဘာဝရပ်ဝန်း ပြုပြင်ရေး (Social-Ecological Transformation(SET) ၊ နှင့် အကျိုးဝင်နိုင်ငံရေး (Participatory Politics) တို့ကို အထူးစိတ်ဝင်စားကြောင်းတွေ့ရှိရသည်။ အထူးသဖြင့် သိကျွမ်းရင်းနှီးမှုနည်းသေးသည့် SET တွင်ပါဝင်သော အကြောင်းအရာများကို မေးမြန်းဖြေကြားခြင်းပြုလုပ်ကြသည်။ မေးခွန်းအများစုမှာ SET နှင့် မီဒီယာအား ချိန်ဆက်နိုင်မည့် အလားအလာများဖြစ်သည်။

ဒုတိယနေ့၏ အဖွဲ့ခွဲ၍ဆွေးနွေးသည့် အစီအစဉ်တွင် တက်ရောက်လာကြသူများအား နောက်လာမည့် သုံးနှစ်အတွင်း ၎င်းတို့၏ သက်ဆိုင်ရာအဖွဲ့အစည်းများမှ မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ပြီးမြောက် လိုကြောင်းနှင့် ထိုဆောင်ရွက်ချက်များက မည်ကဲ့သို့ RLS နှင့် ဒေသကြီးအတွင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မှုကို အထောက်အပံ့ဖြစ်စေမည်ဟု ဖြေစေသည်။ ထိုမေးခွန်းများကို အစည်းအဝေးအတွင်း ရည်မှန်းချက်အမျိုးမျိုးဖြင့် ပြန်လည်ဖြေကြားတင်ပြကြရာ RLS နှင့် မိတ်ဖက်များမှာ တူညီသော အခြေခံ ရည်ရွယ်ချက်အား ရရှိကြသည်။

တတိယနေ့တွင် RLS ၏ စီမံကိန်းမန်နေဂျာများဖြစ်ကြသည့် Nguyen Van Tung နှင့် Manuel Palz တို့မှ လူမှုသဘာဝရပ်ဝန်းပြုပြင်ရေး နှင့် အကျိုးဝင်နိုင်ငံရေးအကြောင်းတို့အား ဆက်လက်ဆွေးနွေးတင်ပြကြသည်။ ယေဘုယအားဖြင့် အထက်ပါအကြောင်းအရာနှစ်ခုကို လိုက်နာသည့်နည်းလမ်းသက်သက်ဖြင့် မဟုတ်ဘဲ သင်ယူမှုအဆင့်ဆင့်ဖြင့် မြှင့်တင်မှသာ နားလည်နိုင်လေသည်။

ဆွေးနွေးသည့်အကြောင်းအရာ၊ တည်ဆောက်ပုံ နှင့် အစည်းအဝေးကျင်းပရာ နေရာတို့အား ခြုံ၍ကြည့်ရလျှင် မိတ်ဖက်များအစည်းအဝေး ၂၀၁၄ သည် စိတ်ဝင်စားဖွယ်ကောင်း၍ လွန်စွာအကျိုးကြောင်း တွေ့ရသည်။ RLS သည် မိတ်ဖက်များအားလုံးနှင့် ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်ချက်များကို အထူလေးပေးတန်ဖိုးထားကြောင်း နိုင်ငံတကာမှ အတွေ့အကြုံများကိုစုစည်းဖလှယ်ကာ ကွန်ယက်တစ်ခုဖြစ်လာအောင် ထောက်ပံ့ပေးခြင်းဖြင့် ဖော်ပြလျက်ရှိသည်။

အစည်းအဝေးရလဒ်များနှင့် ပြန်လည်တင်ပြချက်များကို အထူးလေးပေးဆောင်ရွက်နိုင်ရန် အချက်အလက်များ အားလုံးကို RLS ဝန်ထမ်းများက စနစ်တကျ ပြန်လည်စစ်ဆေးပြီးဖြစ်သည်။